# ၇။ ကပ္ပိယလည်း ပစ္စည်းလေးပါး လျှောက်ထားသင့်တယ်

Dr. အောင်သူ ။ ။ ရဟန်းတစ်ပါး အနေနဲ့ ပစ္စည်းလေးပါးကို မိဘဆွေမျိုးများအပြင် အခြားသူများထံပါးမှာ အလှူခံခွင့် ရှိပါသလားဘုရား။

ဆရာတော် ။ ။ ရဟန်းဘဝမှာလည်း ရံခါမရှိမဖြစ် လိုအပ်လာတတ်တဲ့ ပစ္စည်းတွေကို သွေးသားတော်စပ်သူဆွေမျိုးဉာတိ ပစ္စည်းလေးပါးလျှောက်ထားသူ ပဝါရိတတို့ဆီက အလှူခံခွင့် ရှိပါတယ်။

M.Sc ကျောင်းသား ။ ။ ပစ္စည်းလေးပါး လျှောက်ထားပြီးရင် ဘုန်းကြီးက ကြိုက်သလောက် အလှူခံလို့ ရပါသလားဘုရား။

ဆရာတော် ။ ။ သွေးသား တော်စပ်တဲ့ ဉာတိဆီက ဖြစ်ဖြစ်၊ ပစ္စည်းလေးပါးလျှောက်ထားသူ ပဝါရိတတို့ဆီက ဖြစ်ဖြစ် ကြိုက်သလောက် အလှူခံခွင့် မရှိပါဘူး။ သူတို့ရဲ့ သဒ္ဓါတရားကို ငဲ့ကွက်ပြီး ချင့်ချင့်ချိန်ချိန်ပဲ အလှူခံခွင့် ရှိပါတယ်။

M.Sc ကျောင်းသား ။ ။ ဘယ်လို ချင့်ချိန်ရမလဲဘုရား။

ဆရာတော် ။ ။ အလှူရှင်တို့ရဲ့ သဒ္ဓါတရားနဲ့ အလှူ ပစ္စည်းတို့ရဲ့ဆက်စပ်မှုကို အလှူခံပုဂ္ဂိုလ်က နည်း (၄) နည်းနဲ့ ဆန်းစစ်တတ်ရတယ် မောင်ကျောင်းသား။

M.Sc ကျောင်းသား ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ပထမဦးဆုံးနည်းက လှူဘွယ်ပစ္စည်း ရှိသော်လည်း သဒ္ဓါတရားမရှိတဲ့ ဒါယကာက ရဟန်းထံပါး *'အလှူခံတော်မူပါဘုရားလို့'* မကြာခဏ လျှောက်ထားလာရင် အနည်းငယ်မျှ အလှူခံပေးခြင်းဖြင့် ချီးမြှောက်ရမယ်တဲ့ မောင်ကျောင်းသား။

M.Sc ကျောင်းသား ။ ။ မှန်ပါ၊ မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ။ ။ ဒုတိယက လှူဘွယ်ပစ္စည်း မရှိသော်လည်း သဒ္ဓါတရားရှိတဲ့ ဒါယကာက ရဟန်းထံပါး *'အလှူခံတော်မူပါဘုရားလို့'* မကြာခဏ လျှောက်ထားလာရင် အနည်းငယ်မျှ အလှူခံပေးခြင်းဖြင့် ချီးမြှောက်ရပါမယ်တဲ့။

M.Sc ကျောင်းသား ။ ။ ဒုတိယနည်းကိုလည်း မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ။ ။ တတိယနည်းက လှူဘွယ် ပစ္စည်းလည်းမရှိ

သဒ္ဓါတရားလည်း မရှိတဲ့ ဒါယကာက ရဟန်းထံပါး *'အလှူခံတော်မူပါဘုရားလို့'* မကြာခဏလျှောက်ထားလာရင် အနည်းငယ်မျှ အလှူခံခြင်းဖြင့် ချီးမြှောက်ပေးရပါမယ်တဲ့။

M.Sc ကျောင်းသား ။ ။ တတိယနည်းကိုလည်း မှတ်သားထားပါ့မယ်ဘုရား။

ဆရာတော် ။ ။ နောက်ဆုံး စတုတ္ထနည်းကတော့ လှူဘွယ်ပစ္စည်းလည်းရှိတယ်၊ သဒ္ဓါတရားကလည်းရှိတဲ့ ဒါယကာက ရဟန်းထံပါး အလှူခံဖို့ မကြာခဏ လျှောက်ထားလာရင် ဘယ်လို အလှူခံရမလဲဆိုရင် . . . ။

M.Sc ကျောင်းသား ။ ။ အများကြီး အလှူခံလို့ ရပြီလားဘုရား။

ဆရာတော် ။ ။ ရဟန်းကို အများကြီး အလှူခံဖို့ မြတ်စွာဘုရားက ဘယ်အခါမှာမှ ခွင့်ပြုတော်မမူပါဘူး။

Dr. အောင်သူ ။ ။ ဘယ်လိုများ ခွင့်ပြုတော်မူပါသလဲဘုရား။

ဆရာတော် ။ ။ မိမိရဲ့ လိုအပ်ချက်အားလျော်စွာ လိုအပ်သမျှကိုသာ အလှူခံခြင်းဖြင့် ချီးမြှောက်ပေးရပါမယ်တဲ့။

Dr. အောင်သူ ။ ။ အလွန်ကြည်ညိုစရာကောင်းတဲ့ အဆုံးအမပါဘုရား။ လက်အုပ်ချီမိုး ရှိခိုးပါတယ်ဘုရား။

ဆရာတော် ။ ။ စာထဲက ဥပမာကို ပြောပြဦးမယ်နော်။

Dr. အောင်သူ ။ ။ မှန်လှပါအရှင်ဘုရား။

ဆရာတော် ။ ။ ဒါယကာများထံပါးက အလှူခံတဲ့အခါ ပျားပိတုန်းများ ပန်းပွင့်ထဲက ပန်းဝတ်ရည် စုပ်ယူသလို အလှူခံရမယ်တဲ့။

M.Sc ကျောင်းသား ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ပန်းပွင့်ကို မပျက်စီးစေဘဲ မိမိအလိုရှိတဲ့ ဝတ်ရည်ကို ပျားပိတုန်းတွေ ဆောင်ယူသလို ဒါယကာတို့ရဲ့ သဒ္ဓါတရားကို မထိခိုက်စေဘဲ ရဟန်းဘဝ အသက်မွေးမြူရမယ်လို့ စာမှာ လာရှိပါတယ် မောင်ကျောင်းသား။

M.Sc ကျောင်းသား ။ ။ မှန်လှပါ မှတ်သားပါ့မယ်ဘုရား။ ပစ္စည်းလေးပါးလို့သာ ပြောနေတာ ဘာတွေက ပစ္စည်းလေးပါးလဲဆိုတာ ကွဲကွဲပြားပြား မသိသေးပါဘုရား။

ဆရာတော် ။ ။ ဆွမ်း၊ သင်္ကန်း၊ ကျောင်းနဲ့ ဆေးတွေပါပဲ။

Dr. အောင်သူ ။ ။ လူတွေဆိုရင် စား၊ ဝတ်၊ နေရေး၊ ဆေးကုသရေး ဖြစ်မယ် ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ မှန်ပါတယ်။

M.Sc ကျောင်းသား ။ ။ ပစ္စည်းလေးပါး လျှောက်တယ်ဆိုတာ ဘယ်လို လျှောက်ရပါသလဲဘုရား။

ဆရာတော် ။ ။ *"ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး လိုအပ်ပါက တပည့်တော်ထံ အလှူခံတော်မူပါ ဘုရား"* လို့ လျှောက်ရတယ်။

M.Sc ကျောင်းသား ။ ။ တပည့်တော်က ကျောင်း မလှူနိုင်သေးဘူး၊ ဒါကြောင့် အဲဒါချန်ထားပြီး လျှောက်လို့ရသလားဘုရား။

ဆရာတော် ။ ။ ရတယ်၊ ရတယ်၊ ဆွမ်းကို လျှောက်တာမှာလည်း ဆွမ်းဟင်းပဲ အလှူခံတော်မူပါလို့ လျှောက်လည်းရတယ်။ သင်္ကန်းမှာလည်း ဧကသီပဲ အလှူခံတော်မူပါဘုရားလျှောက်လည်း ရတာပါပဲ။ကိုယ်နိုင်တာ လျှောက်ရတာပေါ့မောင်ကျောင်းသား။

M.Sc ကျောင်းသား ။ ။ တပည့်တော်က ရဟန်း တစ်ပါးကို ပစ္စည်းလေး ပါး လျှောက်ထားပြီးနောက် မလှူနိုင်တာကို အလှူခံလာရင် ဘယ်လိုလုပ်ရပါသလဲဘုရား။

ဆရာတော် ။ ။ ရဟန်းက မဆင်မခြင် အလှူခံလို့ မရဘူး၊ ဒကာ ဒကာမလှူနိုင်တာကို အလှူခံလာရင်လည်း တောင်းပန်လျှောက်ထားပြီး မလှူဘဲ နေလို့ ရပါတယ်။

M.Sc ကျောင်းသား ။ ။ မလှူလည်းရရင်တော့ တော်ပါသေးတယ်။

ဆရာတော် ။ ။ ကပ္ပိယကလည်း ဘုန်းကြီးကို ဝိနည်းအရ လျှောက်ရတာ ရှိသေးတယ်။

Dr. အောင်သူ ။ ။ ကပ္ပိယကလည်း ပစ္စည်းလေးပါး လျှောက်ထားရတာပါလားဘုရား။

ဆရာတော် ။ ။ လျှောက်ထားရင် အကောင်းဆုံးပဲ။

M.Sc ကျောင်းသား ။ ။ မလှူနိုင်ရင် မျက်နှာပူစရာ ဖြစ်နေပါဦးမယ် ဘုရား။

ဆရာတော် ။ ။ မျက်နှာပူစရာ မဟုတ်ပါဘူး။ သူက ဝိနည်း လမ်းကြောင်းအရ လိုအပ်လို့ပါ။

Dr. အောင်သူ ။ ။ ဘယ်လိုများ ဝိနည်း လမ်းကြောင်းအရ လိုအပ်တာပါလဲဘုရား။

ဆရာတော် ။ ။ ကပ္ပိယဆွမ်းကပ်တယ်၊ ဘုန်းကြီးက ငရုပ်သီးအစပ် ဘုဉ်းပေးချင်တယ် ဆိုပါစို့။

M.Sc ကျောင်းသား ။ ။ မှန်ပါ။ ကျောင်းမှာ ငရုပ်သီးမရှိဘဲ၊ ကျောင်းနားက သူများအခင်းထဲက ငရုပ်ပင်မှာ ငရုပ်သီးရှိ တယ်ဆိုရင် ကပ္ပိယကို ယူခိုင်းလို့ ရပါသလားဘုရား။

ဆရာတော် ။ ။ အဲဒါ တော်တော် ခက်တယ်။ ခြံရှင်က ပစ္စည်းလေးပါး လျှောက်ထားရင်တော့ တစ်မျိုးပေါ့။

M.Sc ကျောင်းသား ။ ။ ကပ္ပိယကို ယူခိုင်းရင် မရပါလားဘုရား။

ဆရာတော် ။ ။ ဒါကြောင့် ပြောတာ ကပ္ပိယက ပစ္စည်းလေးပါး လျှောက်ထားရင် သူ့စီအလှူခံရင် ရတယ်။ ဝိနည်းလမ်းကြောင်းအရလည်း သံသယဖြစ်စရာ မလိုဘူးလေ။

M.Sc ကျောင်းသား ॥ ॥ ပစ္စည်းလေးပါးထဲမှာ ငရုပ်သီးလည်း ပါသလားဘုရား။

ဆရာတော် ॥ ॥ ပါတယ်၊ ဒါကြောင့် ဝိနည်းလေးစားတော်မူတဲ့ ဆရာတော်၊ သံဃာတော်များက *"တပည့်တော်ထံပါး ပစ္စည်းလေးပါးနှင့်တကွ လိုအပ်ရာရာ အပ်စပ်သောပစ္စည်းများကို အလိုရှိသောအခါ အလှူခံတော်မူပါဘုရား။ ဝေယျာဝစ္စများကိုလည်း စေခိုင်းတော်မူပါဘုရား"*လို့ လျှောက်ထားတာကို နှစ်သက်တော်မူကြပါတယ်။ ကပ္ပိယကလည်း အခုလို လျှောက်ထားရင်တော့ ပိုလို့ ကောင်းမွန်ပြည့်စုံတာပေါ့ မောင်ကျောင်းသား။

M.Sc ကျောင်းသား ॥ ॥ ဒီထက်တိုတိုနဲ့ လိုရင်းရောက်အောင် လျှောက်တဲ့နည်းများ ရှိပါသေးသလားဘုရား။

ဆရာတော် ॥ ॥ ရှိပါတယ်၊ နဘူးကျောင်းဆရာတော်ကြီးက *"ပစ္စည်းလေးပါး အလှူခံတော်မူပါ"* ဆိုရင် လေးပါးသာ သန့်သန့်ဖြစ်နေတဲ့အတွက် သံသယဖြစ်စရာ ကြုံရတတ်တယ်၊ *"လိုတာရှိရင် ပြောပါ"* ဆိုတဲ့ လျှောက်ထားပုံက လိုရာ အလှူခံလို့ရတာပေါ့"လို့ မိန့်ကြားတော်မူဖူးတယ်။

M.Sc ကျောင်းသား ။ ။ တပည့်တော် ဝိနည်း လေးစားတော်မူတဲ့ ဆရာတော်ကြီးများကို *"လိုတာရှိရင်ပြောပါ"* လို့ လျှောက်ပါ့မယ်ဘုရား။

Dr. အောင်သူ ။ ။ *"လိုတာရှိရင်ပြောပါ'* တော့ မကောင်းလှပါဘူးဘုရား"၊ *"လိုတာရှိရင် အလှူခံတော်မူပါဘုရား"* ဆိုရင် ပိုလို့ သင့်မြတ်မယ် ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ သင့်ပါတယ် ဒကာကြီး။

M.Sc ကျောင်းသား ။ ။ တပည့်တော်က ရဟန်းဝတ်ဖို့ ဆုံးဖြတ်ထားတာ ဖြစ်လို့ သေသေချာချာ သိချင်နေတာပါဘုရား။

ဆရာတော် ။ ။ ကောင်းပါပြီ၊ ဒါဆိုရင် သာဓကတစ်ခု ပြောပြဦးမယ်နော်။ ဘုရားလောင်းတော် အငွေ့သေနသတို့သား ရသေ့ရဟန်းပြုပြီး ဟိမဝန္တာတောမှာ သီတင်းသုံးနေပြီး တစ်ခုသောကာလမှာ မင်းဥယျာဉ်တော်ကို ကြွရောက် သီတင်းသုံးတော်မူတယ်။ ရှင်ဘုရင်က ကြည်ညိုပြီး အလိုရှိရာရာ ပစ္စည်း အလှူခံဖို့အကြောင်း အကြိမ်ကြိမ် လျှောက်ထားပေမယ့်လည်း ဘာမှအလှူမခံဘူး။ ဒါကြောင့် ရှင်ဘုရင်က *"ဘာကြောင့် တပည့်တော်*

*ဆီမှာ အလှူမခံတာပါလဲဘုရား*”လို့ မေးလျှောက်တယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ရသေ့က“အသင်မင်းကြီး တောင်းတဲ့သူကို ပေးလှူရတဲ့သူက ပြုံးပြင်တတ်သလို၊ တောင်းတိုင်း မရရင်လည်း တောင်းသူက ပေးလှူသူကို ပြုံးပြင် တတ်ပါတယ်၊ ဒါကြောင့် ပြုံးပြင်ခြင်းကို အလိုမရှိ လို့ မတောင်းတာ၊ အလှူမခံတာပါ”လို့ မိန့်တော် မူလိုက်တယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား၊ သီလကို မြတ်နိုးတော်မူကြတဲ့ အရှင်မြတ်များအတွက် မှတ်သားဖွယ် စံနမူနာ ထားအတုယူစရာ အဆုံးအမပါဘုရား။ သာဓု၊ သာဓု၊ သာဓု ပါဘုရား။

ကျမ်းညွှန်း

* သန္တောသနိဒ္ဒေသ၊ ခုဒ္ဒသိက္ခာဘာသာဋီကာ (နှာ-၅၆၇)
* သာသနာပဋ္ဌာန၊ ပဋိနိဒ္ဒေသဝါရ၊ နေတ္တိပါဠိ (နှာ-၁၅၉)
* (၅၅)၊ အဋ္ဌိသေနဇာတကဝဏ္ဏနာ၊ သတ္တကနိပါတ၊ ဇာတကဋ္ဌကထာ (၃) နှာ-၃၃၁၊
* အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပင်၏ နဘူးကျောင်းဆရာတော်ကြီး၏ စံနမူနာယူစရာကျင့်သီလ (နှာ-၂၀၀)၊ ၂၀၁၇ ခုနှစ်၊ ပထမအကြိမ်